
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
မီးစတစ်ဖက်ရေမှုတ်တစ်ဖက်

# အောင်မြတ်သာနှင့် မီးစတစ်ဖက်ရေမှုတ်တစ်ဖက်

"နတ်သူငယ်ဆေးလိပ်ခုံ"

သံပြားအောက်ခံပေါ်မှာ ပျယ်လွင့်လွင့် သင်္ဘောဆေးနဲ့ ရေးထားခဲ့တဲ့ ဆိုင်းဘုတ်ကို လူတစ်ယောက် အတန်ကြာ ရပ်ကြည့်နေတာကို အနားပတ်ဝန်းကျင်က လူတွေ သတိထားမိခဲ့ကြတယ်။

"ဘစံ ဟိုမှာ ရပ်နေတဲ့ လူကို သတိထားမိလား"

"ဆေးလိပ်ခုံ အဟောင်းရှေ့ ရပ်နေတဲ့ လူကို ပြောတာလား"

"အေး ငါကြည့်နေတာ အတော်ကြာပြီ သူဘာတွေ စိတ်ဝင်စားနေလဲ မသိဘူး "

"မဟုတ်မှ လွဲရော ဒီဆေးလိပ်ခုံ ပိုင်ရှင်တွေရဲ့ ဆွေမျိုးတွေများ လား "

" ဟုတ်ချင်လည်း ဟုတ်မှာ ပေါ့ ... လာကွာ စကားနည်းနည်း သွားတောက် ကြည့်ရအောင်"

ဆေးလိပ်ခုံနဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ မြင်းလှည်းဂိတ်မှာ ထိုင်နေတဲ့ လူနှစ်ယောက်ထဲက ဘစံဆိုတဲ့ လူက ထလာခဲ့ပြီး ...

" ကိုယ့်လူ ဘာတွေ စိတ်ဝင်တစား ကြည့်နေတာလဲ "

ဘစံရဲ့ စကားကြောင့် ဆိုင်းဘုတ်ကို ငေးမောကြည့်နေတဲ့ လူငယ်က သတိဝင် လာပြီး ...

" ဒီဆေးလိပ်ခုံရဲ့ အောင်မြင်မှု အငွေ့အသက်တွေကို ခံစားနေတာပါ "

"ဟုတ်တယ်ဗျ၊ ဒီဆေးလိပ်ခုံက ကျုပ်တို့ အဖေတို့ လက်ထပ်က နာမည်ကြီးပဲ၊ ပိုင်ရှင်မိသားစု အသတ်ခံရပြီး နောက်ပိုင်း ဒီဆေးလိပ်ခုံကြီးလည်း ရပ်သွားတော့တာ အခုထိပါပဲ"

" ဒါဆိုရင် ဒီနေရာကို ဘယ်သူမှ မပိုင်တော့ဘူးပေါ့"

"လူသတ်မှုဖြစ်ပြီး ပိုင်ရှင်ရဲ့ ဆွေမျိုးတွေကို လိုက်ရှာသေးတယ်။ ဒါပေမဲ့ အစအန ရှာမတွေ့ခဲ့ဘူးလို့ ပြောတယ်"

" ဒီဆေးလိပ်ခုံမှာ လုပ်ခဲ့ဖူးတဲ့ သူတွေများ အခုချိန် ရှိသေးလား သိချင်ပါရဲ့ "

လူငယ်ရဲ့ စကားကြောင့် ဘစံ ခေတ္တ စဉ်းစားလိုက်ပြီး ...

"ဒီဆေးလိပ်ခုံမှာ လုပ်ခဲ့ဖူးတဲ့ မိန်းမ တစ်ယောက်တော့ ရှိတယ်။ အခု သူက မြင်းပျံ ဆေးပေါ့လိပ်ခုံ ထောင်ထားတယ် "

"ဒါဖြင့် ကျုပ်ကို အဲဒီ ဆေးလိပ်ခုံကို လိုက်ပို့ပေးပါလား တန်ရာတန်ကြေး ပေးမှာ ပါ"

"ဟာ ရတာပေါ့ ဒါဆို ခဏစောင့်ဦး ကျုပ်မြင်းလှည်း သွားယူလိုက်ဦးမယ်"

ဘစံက သွက်လက်စွာ ပြန်ထွက်သွားပြီး မြင်းလှည်းကို ဆွဲလာခဲ့တယ်။

"ကိုယ့်လူ တက်လို့ ရပြီ"

လူငယ်လည်း မြင်းလှည်းပေါ်ကို တက်လိုက်တာနဲ့ တစ်ပြိုင်နက် ဘစံက ...

"ဟေ့ ဖေ့သားကြီး ရှန်းလိုက်စမ်း" လို့ ပြောပြီး မြင်းဇက်ကြိုးကို အသာဆွဲကာ မောင်းထွက် လာခဲ့လိုက်တယ်။

အုန်းခွံရောင်မြင်းရဲ့ လည်ပင်းတစ်ဝိုက်မှာ ပတ်ထားတဲ့ ချူတွေကနေ ထွက်တဲ့ အသံက စည်းချက်ညီညီ ထွက်ပေါ်လာခဲ့တယ်။ မိနစ် သုံးဆယ်လောက် မောင်းပြီးတဲ့ အခါမှာ တော့ ဖောင်းကြွနေတဲ့ စာလုံးတွေကို ပုံဖော်ထားတဲ့ မြင်းပျံ ဆေးလိပ်ခုံရှေ့ကို ရောက်လာခဲ့တယ်။

"ကိုယ့်လူ ဒါက မြင်းပျံဆေးလိပ်ခုံပဲ "

မြင်းလှည်းပေါ်မှာ ထိုင်နေတဲ့ လူငယ်က ဆေးလိပ်ခုံကို တစ်ချက်ဝေ့ကြည့် လိုက်ပြီး ...

"ကျေးဇူးပါ ကိုဘစံ ဒီမှာ မြင်းလှည်းခပါ "

ဘစံကတော့ သူ့နာမည်ကို သိနေတဲ့ မြင်းလှည်းစီးသမားကို အထူးအဆန်း ကြည့်ရင်း မြင်းဇက်ကို နောက်ပြန်ဆွဲကာ ထွက်သွားခဲ့တယ်။

"မင်္ဂလာပါဆရာ ကျွန်မတို့ မြင်းပျံဆေးလိပ်ခုံကနေ ကြိုဆိုပါတယ် ... ဘာများ ကူညီပေးရမလဲရှင့်"

ဆေးလိပ်ခုံအဝမှာ ထိုင်နေတဲ့ မိန်းကလေးရဲ့ ချိုသာပျူငှာတဲ့ စကားကြောင့် လူငယ်မျက်နှာ ပြုံးသွားပြီး ...

" ပိုင်ရှင်အစ်မကြီးနဲ့ တွေ့ချင်လို့ ပါ ၊ အရေးကြီးတဲ့ ကိစ္စလေးတစ်ခု ရှိလို့ ပါလို့ ပြောပေးပါဦး"

" ဒါဆို ဒီမှာ ခဏထိုင်ပါဦး အန်တီကြီးကို ကျွန်မ သွားပြောပေးပါ့မယ်"

ညွှန့်ကြိုမိန်းကလေး ထွက်သွားတဲ့ အချိန် လူငယ်က လွတ်နေတဲ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ပြီး ဆေးလိပ်ခုံ အတွင်းထဲကို ကြည့်လိုက်တော့ ပြောင်းဖူးဖက် ဆေးလိပ်တွေ လုပ်ကိုင်နေကြတဲ့ မိန်းကလေး အယောက်၁၀၀ခန့်ကို တွေ့လိုက်ရတယ်။

ဆေးလိပ်လိပ်နေကြတဲ့ အမျိုးသမီးငယ်လေးတွေ ကတော့ ကောင်တာအရှေ့ ထိုင်ခုံမှာ ထိုင်နေတဲ့ လူငယ်ကိုကြည့်ပြီး ခိုးခိုးခစ်ခစ် ရယ်ကာ တစ်ယောက်နဲ့ တစ်ယောက် တီးတိုး ပြောဆိုနေကြတယ်။

မကြာမီမှာ ပဲ အိမ်အပေါ်ထပ်ကို တက်သွားတဲ့ မိန်းကလေး ပြန်ရောက် လာပြီး ...

"အန်တီကြီးက ခဏနေ အောက်ဆင်းလာမယ် ပြောပါတယ်၊ ဒီမှာ ခဏထိုင်ပေးပါဦး"

အမျိုးသမီးရဲ့ စကားအဆုံးမှာ ပဲ ...

"မယ်ကျော့ရေ ညွှန့်သည် ကို အောက်ထပ်က ရုံးခန်းထဲ ခေါ်လာခဲ့ပါဦး" ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

" ဆရာ ဒီဘက်ကြွပါ ရုံးခန်းက ဟိုဘက် တစ်ခန်းကျော်မှာ ရှိပါတယ်"

လူငယ်က မယ်ကျော့ဆိုတဲ့ အမျိုးသမီး ခေါ်ရာနောက်ကို လိုက်သွားခဲ့တယ်။ ရုံးခန်းထဲရောက်တော့ ဆက်တီပေါ်မှာ ထိုင်နေတဲ့ ခပ်ဝဝ မိန်းမကြီးတစ်ဦးကို မြင်လိုက်ရတယ်။

"ဒီမှာ လာထိုင် ကောင်လေး ... မယ်ကျော့ရေ ညွှန့်သည် အတွက်

လက်ဖက်နဲ့ ရေနွေးကြမ်းလေး လုပ်ပေးပါဦး"

" ဟုတ်ကဲ့ အန်တီကြီး"

မယ်ကျော့ဆိုတဲ့ အမျိုးသမီး ထွက်သွားပြီးတဲ့ အချိန်မှာ တော့ ...

"မင်းနာမည် ဘယ်လိုခေါ်လဲ ... အန်တီ့ကို တွေ့ချင်တယ်ဆိုတဲ့ ကိစ္စ ကရော ဘာများ ဖြစ်မလဲ"

"ကျုပ်နာမည်က အောင်မြတ်သာပါ၊ လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်က နတ်သူငယ် ဆေးလိပ်ခုံမှာ ဖြစ်သွားခဲ့တဲ့ ကိစ္စနဲ့ ပတ်သတ်ပြီး အနည်းငယ် သိချင်တာလေးရှိလို့ လာခဲ့တာပါ"

ပိုင်ရှင်မိန်းမကြီးက နတ်သူငယ် ဆေးလိပ်ခုံလို့ ကြားတာနဲ့ မျက်နှာ တည်သွားပြီး ...

"အဲဒီကိစ္စတွေက အခုထိ မပြီးသေးဘူးလား၊ ငါ့ခမြာလည်း ဖြေလိုက်ရတဲ့ မေးခွန်းတွေ ... နေစမ်းပါဦး မင်းက ရဲဌာနကလား"

"မဟုတ်ပါဘူး ... လွန်ခဲ့တဲ့ နှစ်သုံးဆယ်က ဖြစ်ခဲ့တဲ့ မတရားမှုကို ပြန်ဖော်ထုတ်မယ့် သူဆိုရင် ပိုမှန်ပါလိမ့်မယ်"

"ဒါဆိုရင် မင်းပြန်တာ ကောင်းလိမ့်မယ် ကောင်လေး ... ငါအဲဒီ လောက် အချိန်မရှိဘူး၊ မယ်ကျော့ရေ ဧည့်သည် ကို ပြန်ပို့လိုက်တော့"

ပိုင်ရှင်မိန်းမကြီးက မျက်နှာထိ မျက်နှာထားနဲ့ ပြောပြီး ထဖို့ အလုပ် ...

"ဒီကအစ်မကြီး ပုံ့သကူဆိုတဲ့ လူကို သိလား"

အခန်းထဲကထွက်ဖို့ ပြင်နေတဲ့ မိန်းမကြီးက ပုံ့သကူဆိုတဲ့ နာမည် ကြားတာနဲ့ ခြေလှမ်းတွေ ရပ်သွားပြီး ...

"မင်းက ပုံ့သကူကို သိလို့ လား၊ သူက ထောင်ထဲမှာ လွန်ခဲ့တဲ့ ၂၅နှစ် လောက်ထဲက သေသွားပြီလို့ ကြားတယ်"

"ဟုတ်ပါတယ် သူ လူ့လောကမှာ မရှိတော့ပါဘူး။ ဒါပေမဲ့ သူမတရား ခံခဲ့ရတာတွေကို ဖော်ထုတ်ပေးနိုင်မှ သူကျွတ်လွတ်မှာ ပါ"

အောင်မြတ်သာ စကားအဆုံးမှာ မိန်းမကြီးက ခုံမှာ လာပြန်ထိုင်လိုက်ပြီး ...

"ဒါဆို ပုံ့သကူက ထောင်ထဲမှာ မကျွတ်မလွတ်ဘဲ ရှိနေသေးတာပေါ့လေ"

"ဟုတ်ပါတယ် သူမကျွတ်သေးဘူး"

"အဲဒီအကြောင်းတွေ ဖြစ်တော့ အန်တီ မယုံနိုင်ခဲ့ဘူး၊ ပုံ့သကူ လုပ်တယ်ဆိုတာ ဘယ်လိုမှ ယုံလို့ မရခဲ့တာ။ ဒါပေမဲ့ သူ့ဝတ်တဲ့ ပုဆိုးကိုသုံးပြီး သတ်သွားတဲ့ လူသတ်ကောင်ကိုပဲ သိချင်တာ"

"သူမသတ်ဘူးဆိုရင် ဘာကြောင့် မသတ်ဘူးလို့ မပြောတာလဲ"

"သူအစက ငြင်းရှာပါတယ်၊ နောက်ဆုံး နှိပ်စက်တဲ့ ဒဏ်ကို မခံနိုင်လို့ သူလုပ်ပါတယ်လို့ ဝန်ခံခဲ့တယ်။ ပုံ့သကူက အရမ်းကိုရိုးတယ်၊ သူက ဟိုလူကိုစလိုက် ဒီလူကိုစလိုက်နဲ့ အရမ်းပျော်တတ်တဲ့ သူပါ"

"အဲဒီနေ့က ဖြစ်ခဲ့တာတွေကို သိသလောက် ပြန်ပြောပြလို့ ရမလား"

အောင်မြတ်သာ စကားကြောင့် အမျိုးသမီးကြီးရဲ့ မျက်ဝန်း အိမ်တွေထဲမှာ မျက်ရည်စတွေ ဝဲ လာပြီး ...

"တကယ်တော့ ဒီကိစ္စတွေကို မေ့ပစ်ထားတာ ကြာခဲ့ပါပြီ။ အခုတော့ အစအဆုံး ပြန်ပြောပြရမယ် ထင်ပါတယ်။ တကယ်တော့ ပုံ့သကူ

က အန်တီရဲ့ ချစ်သူပါ၊ အဲဒီအချိန် အန်တီက ဆေးလိပ်သမ တစ်ယောက်ပဲ ရှိသေးတယ်။ ပွဲသကူက အန်တီထက် သုံးနှစ်လောက် စောပြီး ဆေးလိပ်ခုံကို ရောက်ခဲ့တာ။ သွက်သွက်လက်လက် ရှိပြီး ရိုးသားတဲ့ ပွဲသကူကို အလုပ်ရှင် မိသားစုက တော်တော်လေး အရေးပေးတယ်။ လူယုံတစ်ယောက်ဆိုလည်း မမှားဘူး။ အဲဒီ အဖြစ်အပျက်တွေ ဖြစ်တဲ့ ညက ပွဲသကူက အန်တီနဲ့ ရှိနေခဲ့တာ။ ဒါကြောင့် သူမသတ်ဘူးလို့ တစ်ထစ်ချ ယုံထားတာပေါ့။ ဒါပေမဲ့ ကံကဆိုးချင်တော့ သူပြန်သွားတဲ့ အချိန် အိမ်ရှင်မိသားစုက သေနေခဲ့ပြီလေ။ သူ့လုံချည်နဲ့ အိမ်ရှင်မိန်းမရဲ့ ပါးစပ်ကို စည်းပြီး ရင်ဘတ်ကို ဓါးနဲ့ ထိုးသတ်ခဲ့တယ်လို့ ပြောကြတယ်။ လူသတ်သမားက တော်တော်လည်တယ်လို့ ပြောရမယ်။ ဘာလို့ ဆိုတော့ သူသတ်ပြီးတဲ့ အချိန် ရဲကို အကြောင်းကြားခဲ့တယ်၊ ရဲတွေရောက်လာတော့ လူသတ်သမားက မရှိတော့ဘဲ အန်တီဆီကနေ ပြန်သွားတဲ့ ပွဲသကူကိုပဲ တွေ့လိုက်ရတယ်၊ အဲဒါနဲ့ လက်ပူးလက်ကြပ် မိတယ်ဆိုပြီး စခန်းကို ခေါ်သွားခဲ့တယ်။ အဲဒီအဖြစ်တွေကို အန်တီလဲ နောက်မှ သိရတာ ... အန်တီသိတဲ့ အချိန် သူ မဟုတ်ဘူး ဆိုတဲ့ အကြောင်း ပြောပါသေးတယ်။ ဒါပေမဲ့ သက်သေခံ ပစ္စည်းအရရော သေတဲ့ သူတွေနဲ့ အတူ ရှိနေတာတွေကြောင့် သူငြင်းလို့ မရခဲ့ဘူး။ နောက်ဆုံး နှိပ်စက်တာတွေကို မခံနိုင်လို့ သူဝန်ခံသွားရှာတယ်။ သူထောင်ကျတုန်းက တစ်ခေါက်သွားတွေ့ဖြစ်ခဲ့တယ်။ အဲဒီနောက်ပိုင်း ဆေးလိပ်ခုံကလည်း ပိတ် အလုပ်ကလည်း မရှိတာနဲ့ ရွာပြန်ခဲ့တယ်။ ရွာရောက်တော့ ရွာကို စပါးအဝယ်လာတဲ့ အန်တီ အမျိုးသားနဲ့ အကြောင်းပါပြီး ဒီဆေးလိပ်ခုံကို စတည်ခဲ့တာ "

"ဒါဆိုရင် လူသတ်တရားခံ အစစ်က ဘယ်သူလဲဆိုတာ အခုထိ မသိသေးဘူးပေါ့"

"ဟုတ်တယ် အခုထိ မသိကြသေးဘူး "

"သက်သေပြလို့ ရမယ့် လူတစ်ယောက်ယောက်များ ရှိသေးလား ... လူသတ်မှု ဖြစ်တဲ့ အချိန် မသေဘဲ ကျန်ခဲ့တဲ့ သူတွေ ရှိခဲ့လား"

"နေဦး နေဦး မသေဘဲ ကျန်ခဲ့တာ တစ်ယောက်တော့ ရှိတယ်။ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ အစ်မကြီး"

"မင်းသူ့ကိုတွေ့လည်း ဘာမှ ထူးမှာ မဟုတ်ဘူး ။ သူက စကားမပြောတတ်တဲ့ အပြင် နားလည်း မကြားဘူး"

"သူက ဘယ်သူလဲဆိုတာ ပြောပြပါ။ သူ့ကိုတွေ့ရင်တော့ လူသတ်မှုနဲ့ ပတ်သတ်ပြီး အထောက်အကူ တစ်ခုခုတော့ ရမှာ ပါ"

" အင်း သူ့နာမည်က စနေမလို့ ခေါ်တယ်။ သူက တစ်နေကုန် လှည့်ပတ် တောင်းရမ်းပြီး ညမှောင်ရင် နတ်သူငယ် ဆေးလိပ်ခုံ ဝင်းဘေးကတဲမှာ ညအိပ်တတ်တယ်။ တစ်ခါတလေ ဆေးလိပ်ခုံအိမ်က လူတွေ စားလို့ မကုန်တဲ့ ထမင်းဟင်းကျန်တွေကို လာယူတတ်တယ်။ လူသတ်မှုဖြစ်တဲ့ မနက်မှာ တော့ စနေမကို အိမ်ရဲ့ လှေကားဘေးက စတိုခန်းထဲမှာ တုန်တုန်ရီရီနဲ့ တွေ့ရတယ်လို့ ပြောတယ်။ ရဲတွေကတော့ စစ်ပေမယ့် သူမသိဘူးဆိုပြီးပဲ ဖြေတာ စကားလည်း မပြောတတ်၊ နားလည်း မကြားဆိုတော့ အတော် ခက်ခက်ခဲခဲမေးရတာ။ နောက်ဆုံး ဘယ်လိုပဲ မေးမေး အဖြေမရတဲ့ အဆုံး မျက်မြင်မိတဲ့ ပွဲသကူကိုပဲ လွှဲချခဲ့ကြတယ်"

"အခုရော စနေမဆိုတဲ့ သူကို ဘယ်မှာ ရှာလို့ ရနိုင်မလဲ"

"သူ့ကိုတွေ့ချင်ရင်တော့ ဘုရားစောင်းတန်းတွေ ဈေးတွေမှာ လိုက်ရှာမှ ရမယ်။ သူ့ကိုမေးပြီး ဘာလုပ်မလို့ လဲ"

"အမှုအတွက် အရေးပါတဲ့ ကိစ္စတချို့များ သိရမလားလို့ မေးကြည့်တာပါ။ အခုလို အချိန်ပေးပြီး ဖြေပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ် ကျုပ်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ ကောင်လေး၊ ပွဲသကူအတွက် အလှူအတန်းတွေ ဘာတွေ လုပ်ပေးဖို့ လိုသေးလား"

ပိုင်ရှင်မိန်းမရဲ့ စကားကြောင့် အခန်းပြင်ကိုထွက်ဖို့ လုပ်နေတဲ့ အောင်မြတ်သာက အနောက်ပြန်လှည့်ပြီး ...

"လိုတာပေါ့ဗျာ၊ ဒါပေမဲ့ အခုတော့ မဟုတ်သေးဘူး။ လိုတဲ့ အချိန် ကျုပ်လာပြောပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကောင်လေးရယ်၊ အမှန်တရား ပေါ်ပေါက်အောင် လုပ်ပေးပါ ... လူသတ်သမားကို အမြန်ဆုံးမိပါစေကွယ်"

အောင်မြတ်သာ ဆေးလိပ်ခံ အပြင်ဘက်ရောက်တော့ လတ်ဆတ်တဲ့ လေတွေကို ရှူသွင်းလိုက်ပြီး မျက်စိမှိတ်လိုက်တယ် ဆိုရင်ပဲ အာရုံထဲမှာ လူပေါင်းများ စွာ သွားလာ လှုပ်ရှားနေတာကို မြင်လိုက်ရတယ်။

မရေမတွက်နိုင်တဲ့ လူတွေက လျင်မြန်တဲ့ အရှိန်နဲ့ သွားလာနေကြတဲ့ အထဲမှာ မိန်းမတစ်ယောက် ခွက်တစ်လုံးကို အရှေ့မှာ ချပြီး အိပ်ပျော်နေတာကို ရုတ်တရက် တွေ့လိုက်ရတယ်။

"ကလောင် ကလောင် ကလောင်"

ပိန်လှီချိုင့်ဝင်နေတဲ့ ဒန်ခွက်လေးထဲမှာ ထည့်ထားတဲ့ ကျောက်ခဲတွေရဲ့ အသံက ဖြတ်သွားဖြတ်လာ လူတွေကို မကြည့်ကြည့်အောင် သတိပေးနေသလို။ လူတွေကတော့ ဒီအသံကြားတာနဲ့ ဒေါ်စနေမဆိုတာ သိနေခဲ့ကြတယ်။

ပူပြင်းလှတဲ့ နေအပူရှိန်ကြောင့် နှစ်ပေါင်းများ စွာ မညှပ်ဘဲ ထား ထားတဲ့ ဆံပင်တွေ ကြားထဲကနေ ယိုစီးလာတဲ့ ချွေးပေါက်တွေကို လက်ခုံနဲ့ သုတ်လိုက်တဲ့ အချိန် အရှေ့မှာ ချထားတဲ့ ဒန်ခွက်ထဲကို ပိုက်ဆံ အထပ်လိုက် ကျလာခဲ့တယ်။